## နှစ်ထပ်ကွမ်းအကျိုးခံစားခွင့် (Double Benefit Plan)

၁။ အာမခံထားသူ သေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်းခဲ့သော် အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါမည်။

၂။ အာမခံထားသူ သေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်းခဲ့သော် ထိုသို့ဖြစ်ပွားပြီး နောက် ပရီမီယံကြေးဆက်လက်ပေးသွင်းရန်မလိုဘဲ ကင်းလွတ်ခွင့်ရရှိမည်။

၃။ ပညာရေးအာမခံ အကျိုးခံစားခွင့်အဖြစ် ပရီမီယံပေးသွင်းသက်တမ်းပြည့်လျှင် ပြည့်သည့်နေ့အပါအဝင် (၁)နှစ်ပြည့်သည့်နေ့ရောက်တိုင်း ၂၀%ကို (၅)ကြိမ် အထိ ပေါ်လစီရှင်သို့ ပြန်လည်ထုတ်ပေးပါမည်။

၄။ ပရီမီယံဆက်လက်မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်ပြီး ပေါ်လစီ သက်တမ်း စေ့ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို ပေါ်လစီရှင်သို့ ထုတ်ပေး ပါမည်။

၅။ ပရီမီယံပေးသွင်းသက်တမ်း(၃)နှစ်ပြည့်ပြီးနောက် ဆက်လက်မပေးသွင်းနိုင် လျှင်ပေါ်လစီဖျက်သိမ်း၍ အမ်းငွေထုတ်ယူနိုင်ပြီး ရခွင့်ရှိသည့်အမ်းငွေကို ပေါ်လစီရှင်သို့ တစ်လုံးတည်းထုတ်ပေးပါမည်။

၆။ ချေးငွေအဖြစ်ရခွင့်ရှိသည့် အမ်းငွေတန်ဖိုး၏ ၉၀%အထိ ရယူနိုင် ခွင့်ရှိပြီး တစ်ကြိမ်လျှင် ငွေချေးခ ကျပ်(၁၀၀၀)နှင့် တစ်နှစ် ၁၅% ဖြင့်အတိုးပေးရ ပါသည်။ တစ်လုံးတည်းပေးဆပ်ရမည်ဖြစ်ပြီး ပေးဆပ်ခြင်းမပြုလျှင် အကျိုး ခံစားခွင့်ထုတ်ယူချိန်တွင် ချေးငွေ နှင့်အတိုးကို ခုနှိမ်ပါမည်။

## အခြေခံအကျိုးခံစားခွင့် (Basic Benefit Plan)

၁။ အာမခံထားသူသေဆုံးလျှင် အကျိုးခံစားခွင့်လွှဲပြောင်းခံရသူသို့ စာရင်းပိတ် တန်ဖိုးကို ထုတ်ပေးပါမည်။

၂။ အာမခံထားသူ သေဆုံး/ထာဝစဉ်လုံးဝမသန်စွမ်းခဲ့သော် ထိုသို့ဖြစ်ပွားပြီး နောက်ပိုင်းပရီမီယံကိုဆက်လက်ပေးသွင်းရန်မလိုဘဲ ကင်းလွတ်ခွင့်ရရှိမည်။

၃။ ပညာရေးအာမခံအကျိုးခံစားခွင့်အဖြစ် ပရီမီယံပေးသွင်းသက်တမ်းပြည့်လျှင် ပြည့်သည့်နေ့အပါအဝင် (၁)နှစ်ပြည့်သည့် နေ့ရောက်တိုင်း ၂၀%ကို (၅)ကြိမ် အထိ ပေါ်လစီရှင်သို့ ပြန်လည်ထုတ်ပေးပါမည်။

၄။ ပရီမီယံဆက်လက်မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်ပြီး ပေါ်လစီ သက်တမ်း စေ့ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို ပေါ်လစီရှင်သို့ ထုတ်ပေး ပါမည်။

၅။ ပရီမီယံပေးသွင်းသက်တမ်း(၃)နှစ်ပြည့်ပြီးနောက် ဆက်လက်မပေးသွင်းနိုင် လျှင် ပေါ်လစီဖျက်သိမ်း၍ အမ်းငွေထုတ်ယူနိုင်ပြီးရခွင့်ရှိသည့် အမ်းငွေကို ပေါ်လစီရှင်သို့ တစ်လုံးတည်းထုတ်ပေးပါမည်။

၆။ ချေးငွေအဖြစ်ရခွင့်ရှိသည့်အမ်းငွေတန်ဖိုး၏ ၉၀%အထိ ရယူနိုင်ခွင့်ရှိပြီး ငွေတစ်ကြိမ်ချေးလျှင် ငွေချေးခ ကျပ် (၁၀၀၀)နှင့် တစ်နှစ် ၁၅%ဖြင့်အတိုး ပေးရပါသည်။ တစ်လုံးတည်းပေးဆပ်ရမည်ဖြစ်ပြီး ပေးဆပ်ခြင်းမပြုလျှင် အကျိုးခံစားခွင့်ထုတ်ယူချိန်တွင် ချေးငွေ နှင့် အတိုးကိုခုနှိမ်ပါမည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၃၉-၄၀)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

GLOBAL LIFE GLI INSURANCE

# ဂလိုဘယ်လိုက်(ဖ်) အသက်အာမခံကုမ္ပဏီ



# ပညာရေးအသက်အာမခံ
# Education Life Insurance

Hot Line : 09 797 003 009, 09 890 567 773
Email : globallifeinsurance2019@gmail.com

## ရည်ရွယ်ချက်

မိဘအုပ်ထိန်းသူများအနေဖြင့် သားသမီးများပညာရေးအတွက် ငွေစုဆောင်းသည့်အလေ့အထကောင်းရရှိစေရန်နှင့် အာမခံသက်တမ်းအတွင်း အာမခံထားရှိသူသေဆုံးခြင်း၊ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်းကြောင့် သားသမီးများ၏ ပညာရေးရပ်ဆိုင်းမသွားစေရေးအတွက် ငွေကြေးအားဖြင့်အထောက်အပံ့ရရှိစေရန်။

## အာမခံအမျိုးအစား

ငွေစုဆောင်းသည့်အာမခံအမျိုးအစားဖြစ်ပြီး အခြေခံအကျိုးခံစားခွင့်ပုံစံ (သို့) နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံကိုရွေးချယ်ဝယ်ယူနိုင်ပါသည်။

## အာမခံထားနိုင်သူ

အသက် (၁၈)နှစ်မှ (၅၆)နှစ်အတွင်းရှိသော မိဘအုပ်ထိန်းသူများအနေဖြင့် သားသမီးများ၏ပညာရေးအတွက် မိမိကိုယ်ကို အာမခံထားနိုင်ပါသည်။

## အာမခံသက်တမ်း

အာမခံသက်တမ်း(၉)နှစ်၊ (၁၁)နှစ်၊ (၁၄)နှစ် ထားရှိနိုင်ပြီး အသက်(၅၆)နှစ် ရှိသူများအနေဖြင့် အာမခံသက်တမ်း (၉)နှစ်ကိုသာ ထားရှိနိုင်မည်ဖြစ်ပါသည်။

## အာမခံထားငွေ

အာမခံထားငွေကို အနည်းဆုံး ကျပ်သိန်း(၅၀)မှ အများဆုံး ကျပ်သိန်း (၁၀၀၀) အထိ ထားရှိနိုင်ပါသည်။

## ပရီမီယံနှုန်း

အာမခံထားသူ၏ အသက်၊ အာမခံသက်တမ်းနှင့် အာမခံထားငွေပေါ်မူတည်၍ ပရီမီယံနှုန်းထားဇယားပါအတိုင်း ပရီမီယံပေးသွင်းရမည်ဖြစ်ပါသည်။

## ပရီမီယံပေးသွင်းမှုနည်းစနစ်

ပရီမီယံကို (၁)လ/(၃)လ/(၆)လ/(၁၂)လ တစ်ကြိမ် စသည်ဖြင့် ရွေးချယ်ပေးသွင်းနိုင်ပါသည်။

## ပရီမီယံပေးသွင်းသက်တမ်း

ပရီမီယံကို (၅)နှစ်၊ (၇)နှစ်၊ (၁၀)နှစ်သက်တမ်း စသည်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

## ဆေးစစ်ခြင်း

အာမခံထားသူများအားလုံး ကျန်းမာရေးစစ်ဆေးမှုခံယူရပါမည်။

## အကျိုးခံစားခွင့်မရနိုင်သည့် ကိစ္စများ

အာမခံထားသည့်နေ့မှတစ်နှစ်အတွင်း ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို သတ်သေခြင်း၊ မိမိကိုယ်ကိုအနာတရဖြစ်စေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသောဆေးကိုမှီဝဲခြင်းနှင့် ဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါတို့ကြောင့်သေဆုံးခြင်းနှင့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်းတို့အတွက် အကျိုးခံစားခွင့်မရရှိနိုင်ပါ။ အမ်းငွေတန်ဘိုးပမာဏကိုသာခံစားခွင့်ရပါမည်။

## ပညာရေးအာမခံအခြေပြဇယား

| နှစ်ထပ်ကွမ်းအကျိုးခံစားခွင့် | အာမခံထားသူထာဝစဉ်လုံးဝမသန်စွမ်း/သေဆုံးလျှင် ပရီမီယံကင်းလွတ်ခွင့် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အာမခံသက်တမ်း | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် | ဆဌမနှစ် | သတ္တမနှစ် | အဌမနှစ် | နဝမနှစ် |
| ပရီမီယံပေးသွင်းသက်တမ်း | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ပရီမီယံဆက်လက်ပေးသွင်းရန်မလို | | | |
| ပညာရေးခံစားခွင့်သက်တမ်း | | | | | 20% | 20% | 20% | 20% | 20% |
| အာမခံထားသူ၏ခံစားခွင့် | အာမခံထားသူ ထာဂစဉ်လုံးဝမသန်စွမ်း/သေဆုံးလျှင် အာမခံထားငွေအပြည့်ခံစားခွင့် | | | | | | | | |

| အခြေခံအကျိုးခံစားခွင့် | အာမခံထားသူထာဝစဉ်လုံးဝမသန်စွမ်း/သေဆုံးလျှင် ပရီမီယံကင်းလွတ်ခွင့် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အာမခံသက်တမ်း | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် | ဆဌမနှစ် | သတ္တမနှစ် | အဌမနှစ် | နဝမနှစ် |
| ပရီမီယံပေးသွင်းသက်တမ်း | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ကျသင့်ပရီမီယံ | ပရီမီယံဆက်လက်ပေးသွင်းရန်မလို | | | |
| ပညာရေးခံစားခွင့်သက်တမ်း | | | | | 20% | 20% | 20% | 20% | 20% |
| အာမခံထားသူ၏ခံစားခွင့် | အာမခံထားသူ သေဆုံးလျှင် စာရင်းပိတ်တန်ဘိုးခံစားခွင့် | | | | | | | | |